**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**
www.knuhq.org

# ကရင့် ရိုးရာ လါးခု လပြည့် ချည်ဖြူဖွဲ့ မင်္ဂလာ အခမ်းအနားသို့ ပေးပို့သော ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး၏ သဝဏ်လွှာ

နေ့စွဲ - ၂၇၆၁ ခုနှစ်၊ လါးခု လပြည့်(၁၅)ရက်၊
- ဩဂုတ်လ (၁၁)ရက်၊ ၂၀၂၂ ခုနှစ်။

ယနေ့သည် ကရင့်သက္ကရာဇ် ၂၇၆၁ ခုနှစ်၊ လါးခု လပြည့် (ဝါခေါင် လပြည့်) နေ့၊ ခရစ်နှစ် ၂၀၂၂ ခုနှစ် **ဩဂုတ်လ (၁၁)ရက်** ဖြစ်ပြီး ကရင်အမျိုးသား ရိုးရာဓလေ့များမှ တစ်ခုဖြစ်သော ကရင့်အမျိုးသားလုံးဆိုင်ရာ **ကရင့်ရိုးရာ ချည်ဖြူဖွဲ့ မင်္ဂလာ နေ့မြတ်**ကို ကျင်းပသောနေ့ ဖြစ်ပါသည်။ ယနေ့ **ကရင့်ရိုးရာ ချည်ဖြူဖွဲ့ မင်္ဂလာ နေ့မြတ်**တွင် ပြည်တွင်း ပြည်ပရှိ ကရင့်အမျိုးသားများ၊ နေရာဒေသ အသီးသီးနှင့် နိုင်ငံရပ်ခြား အသီးသီးတွင် ရောက်ရှိနေထိုင်နေကြသော ကရင့်အမျိုးသားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး မကောင်းမှု အဝဝမှ ကင်းဝေးကြပါစေကြောင်း မိမိတို့ ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးမှ ဆုတောင်းမေတ္တာ ပေးပို့အပ်ပါသည်။

**ကရင့်ရိုးရာ ချည်ဖြူဖွဲ့ မင်္ဂလာနေ့မြတ်** ၏ သမိုင်း အမှန်စင်စစ်သည် ဘာသာတရား နှင့် ယုံကြည်ကိုးကွယ်မှုမှ အခြေခံပြီး ဆင်းသက်လာသော ရိုးရာဓလေ့ တစ်ခု မဟုတ်ပါ။ ထို့အပြင်၊ များမကြာမီကပင် တီထွင်ကြံဆပြီး ဖန်တီးထားသော ရိုးရာဓလေ့ တစ်ခု မဟုတ်ပါ။ ကေန် အမှန်စင်စစ် မိမိတို့ ကရင့်အမျိုးသားများ၏ ဘိုးဘေး ဘီဘင် ခေတ်က တည်းကပင် တစ်ခေတ်ပြီး တစ်ခေတ် လက်ဆင့်ကမ်း သယ်ဆောင်လာသော တန်ဖိုး မဖြတ်နိုင်သည့် ရိုးရာဓလေ့ တစ်ခု ဖြစ်ပါသည်။

ကရင့်အမျိုးသား သမိုင်း၏ သက်သေအထောက်အထားများအရ မိမိတို့ ကရင့် အမျိုးသားများသည် အကြောင်းအမျိုးမျိုးကြောင့် တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းနေ ထိုင်ခဲ့ကြရပြီး အချို့မှာလည်း မိမိတို့၏ ဂမ်းစာအတွက် ရေကြည်ရာမျက်နုရာ နေရာဒေသ များကို ရှာဖွေရင်း နေရာဒေသ အသီးသီးသို့ ပြန့်ကြဲနေထိုင် ခဲ့ကြရပြီး မိမိတို့၏ မိသားစုများ၊ ဆွေးမျိုးသားချင်းများနှင့် ဝေးကွာလာကြရာမှ အမျိုးသား သွေးချင်းစိတ်ဓါတ်များ အားနည်း လာကြပြီး စည်းလုံးညီညွတ်မှုများလည်း လျော့နည်းလာခဲ့ကြပါသည်။ ထို့ကြောင့်၊ ဘိုးဘွား

များ နှင့် ကရင့် အမျိုးသား ခေါင်းဆောင်များမှ ထိုကဲ့သို့ တနယ်တကျေးတွင် ဝေးကွာနေကြသော မိသားစုနှင့် ဆွေးမျိုးသားချင်းများကို တစ်နှစ်တစ်ကြိမ် တွေ့ဆုံပြီး ရင်းရင်းနီးနီးဖြင့် သိကျွမ်း နိုင်ရန် ပြန်လည်ဖိတ်ခေါ် မိတ်ဆက်ကြသည့် ပွဲတော်အခမ်းအနားများကို ပြုလုပ်လေ့ရှိပါသည်။

ရည်ရွယ်ချက်အားဖြင့် မိသားစုများနှင့် ဆွေးမျိုးသားချင်းများ အပြန်အလှန် သိကျွမ်းရင်းနီးကြရန်နှင့် လက်ချီမင်္ဂလာ အခမ်းအနားကို ကျင်းပခြင်းဖြင့် လက်ချီခြင်း သင်္ကေတ အမှတ်လက္ခဏာများ ပြုလုပ်လေ့ရှိကြပါသည်။ ထိုကဲ့သို့ လက်ချီဖွဲ့ခြင်း သင်္ကေတ အမှတ်လက္ခဏာသည် မိသားစုနှင့် ဆွေမျိုးသားချင်း အချင်းချင်း အပြန်အလှန် အသိအမှတ်ပြုခြင်းနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်အပြင် အမျိုးသားရေး ဂုဏ်အင်္ဂါလက္ခရပ်များနှင့် အမျိုးသားရေးစိတ်ဓါတ်များ ရှင်းသန်နေကြကြောင်း အပြန်အလှန် အသိအမှတ်ပြုခြင်း ဖြစ်ပါသည်။

ထို့အပြင်၊ ထိုကဲ့သို့ ပြန်လည်တွေ့ဆုံပြီး မိတ်သဟာယဖွဲ့ကြသည့် အချိန်တွင် သွန်သင်ပဲ့ပြင်မှု ပေးဆောင်နိုင်စွမ်းရှိသော သက်ကြီးရွယ်အိုများနှင့် ခေါင်းဆောင်များကို ရွေးချယ်ပြီး မိသားစုနှင့် ဆွေမျိုးသားချင်းများအား သွန်သင် ဆုံးမပဲ့ပြင်ခြင်းများ အပြင် အားပေးတိုက်တွန်းမှုများလည်း ပြုလုပ်လေ့ရှိကြပါသည်။ ထိုကဲ့သို့ သွန်သင်ပဲ့ပြင်ကြသည့် အချိန်တွင် မိဘဘိုးဘွားများနှင့် ခေါင်းဆောင်ကြီးများမှ မိသားစုနှင့် ဆွေမျိုးသားချင်းများ အား မိမိတို့ ရောက်ရှိနေထိုင်ရာ နေရာဒေသ အသီးသီးတွင် သတင်းစကားများ အပြန်အလှန် ပေးပို့ဖလှယ်ကြခြင်း၊ စည်းစည်းလုံးလုံး နေထိုင်ခြင်းနှင့် မိသားစု သွေးချင်းများတွင် ဒုက္ခ အခက်အခဲများ ကျရောက်ပါက သွေးချင်းထံ အရောက်သွားပြီး အပြန်အလှန် ကူညီဖေးမကြရန် မိန့်မှာလေ့ရှိပါသည်။

ခေတ်စနစ်အားဖြင့် **ကရင်ရိုးရာ ချည်ဖြူဖွဲ့ မင်္ဂလာနေ့မြတ်**သည် ယနေ့မိမိတို့ ကရင့်အမျိုးသားများ၏ လက်ရှိပကတိ အခြေအနေနှင့် ကေန်အမှန်ကိုက်ညီသည့် ရိုးရာဓလေ့ ဖြစ်ပါသည်။ မိမိတို့ နိုင်ငံ၏ အခြေအနေ အရပ်ရပ် အပြင် တိုးတက်ပြောင်းလဲနေသော ခေတ်စနစ်များကြောင့် မိမိတို့ ကရင့်အမျိုးသားများ နေရာဒေသ အရပ်ရပ်နှင့် နိုင်ငံရပ်ခြား အသီးသီးတွင် ပြန့်ကြဲနေထိုင်နေကြရပါသည်။ ထိုကဲ့သို့ နေရာဒေသ အသီးသီးတွင် ပြန့်ကြဲနေထိုင်နေကြရသဖြင့် ရင်းနီးကျွမ်းဝင်မှုများ နည်းပါးလာပြီး သတင်းစကားများ အပြန်အလှန် ပေးပို့ဖလှယ်ကြရာတွင်လည်း ပြည့်စုံလုံလောက်မှု မရှိသောကြောင့် အပြန်အလှန် နားလည်မှုနှင့် ယုံကြည်အားထားမှုများ အားနည်းလာကြပါသည်။

ဤကဲ့သို့သော အကြောင်းတရားများကြောင့် ပြည်တွင်းပြည်ပနှင့် နိုင်ငံအသီးသီးတွင် ရောက်ရှိနေထိုင် နေကြသော မိမိတို့ အမျိုးသားများ အနေဖြင့် မိတ်သဟာယဖွဲ့ကြပြီး စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ရန် အထူးလိုအပ်ပါသည်။ ထိုနည်းတူ၊ ယခုကဲ့သို့ မိတ်သဟာယဖွဲ့ပြီး ရင်းနီးကျွမ်းဝင်နေကြသည့် အချိန်တွင် သတင်း အပြန်အလှန် ပေးပို့ဖလှယ်ရယူကြခြင်းဖြင့် ဒုက္ခအခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရသော မိမိတို့၏ သွေးချင်းများအား ကူညီစောင်မနိုင်ရန် လိုအပ်ပါသည်။ ထို့အပြင်၊ မိမိတို့၏ ရောက်ရှိရာ အရပ်ဒေသနှင့် နိုင်ငံ ရပ်ခြား အသီးသီးတွင် မိမိတို့၏ အမျိုးသားသွေးချင်းများအား မိမိတို့၏ စာပေ နှင့် စကားအပြင် မိမိတို့၏ ရိုးရာဓလေ့ ထုံးတမ်းများကို ထိမ်းသိမ်းမြင့်တင်နိုင်ရန် အတွက် အားပေးတိုက်တွန်းမှုများလည်း လိုအပ်ပါသည်။ **ချည်ဖြူဖွဲ့ မင်္ဂလာနေ့မြတ်** ဖြင့် အပြန်အလှန် အသိအမှတ်ပြုခြင်း၊ အပြန်အလှန် ချည်ဖြူဖွဲ့ သင်္ကေတ အမှတ်လက္ခဏာ ပြုပြီး မှတ်သားထားကြရန်လည်း လိုအပ်ပါသည်။ သည့်အပြင် သက်ကြီးရွယ်အိုများနှင့် ခေါင်းဆောင်ကြီး

များ၏ ပွဲပြင်ဆုံးမခြင်း နှင့် တိုက်တွန်းအားပေးမှုများကို အတူတစ်ကွ နာယူနိုင်ရန်အတွက် မိမိတို့၏ ရောက်ရှိရာ နေရာဒေသနှင့် နိုင်ငံ အသီးသီးတွင် ကရင့် လူမှုအသိုင်းအဝန်းများ၊ ကရင့်အမျိုးသား ဂုဏ်အင်္ဂါရပ်များနှင့် ကရင့်အမျိုးသားအတွက် ဆုံရပ်များကို ဖန်တီးထားရှိကြရန်လည်း လိုအပ်ပါသည်။

နောက်ဆုံး အဓိက အရေးကြီးဆုံး အချက် အနေဖြင့် မိမိတို့ ကရင့်အမျိုးသားများအား သတိတရ ရှိစေလိုသည်မှာ မည်သည့်နေရာဒေသနှင့် မည်သည့်နိုင်ငံရပ်ခြားများတွင် သွားရောက်နေထိုင်ပြီး အသက်မွေးဝမ်းကြောင်းမှုများ ပြုသည်ဖြစ်စေ၊ အတည်တကျ အခြေချနေထိုင်နေကြသည်ဖြစ်စေ မိမိတို့ အမျိုးသားများ၏ ဂုဏ်အင်္ဂါ လက္ခဏာရပ်များ၊ အမျိုးသားရေး ဂုဏ်သိက္ခာများ၊ ယဉ်ကျေးမှုနှင့် ထုံးတမ်းဓလေ့များကို ထိမ်းသိမ်းစောင့်ရှောက်စေလိုပါသည်။ မိမိတို့ အမျိုးသားများ၏ ကံကြမ္မာကို မိမိတို့ကသာလျှင် ဖန်းတီးနိုင်ရန် မိမိတို့အမျိုးသားများ၏ ဖြစ်တည်မှုများကို ထိမ်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ပါသည်။ မိမိတို့ကရင့်အမျိုးသားများ၏ ရည်မှန်းချက် နှင့် အန္တိမ နိုင်ငံရေးပန်းတိုင်သည် မိမိတို့၏ ကံကြမ္မာကို မိမိတို့ကသာလျှင် ဖန်းတီးနိုင်ရန် ဖြစ်ပါသည်။ အချင်းချင်း မိတ်သဟာယဖွဲ့ခြင်း နှင့် ရင်းနှီးကြွမ်းဝင်ခြင်းများ မရရှိပါက စည်းလုံးညီညွတ်ခြင်းသည်လည်း မရှိနိုင်ပါ။ စည်းလုံးညီညွတ်ခြင်း မရှိပါက အောင်နိုင်ခြင်း အခွင့်သည်လည်း မရှိနိုင်ပါ။ ထို့ကြောင့်၊ **ကရင့်ရိုးရာချည်ဖြူဖွဲ့ မင်္ဂလာနေ့မြတ်** သည် မိမိတို့အမျိုးသားများအတွက် စစ်မှန်သော မိတ်သဟာယဖွဲ့ခြင်း၊ ရင်းနှီးကြွမ်းဝင်ခြင်းနှင့် စည်းလုံးညီညွတ်ခြင်းများကို သယ်ပိုးနိုင်ပါစေ။ **ကရင့်ရိုးရာချည်ဖြူဖွဲ့ မင်္ဂလာနေ့မြတ်** သည် မိမိတို့ အမျိုးသားများ၏ ကံကြမ္မာကို မိမိတို့ကသာလျှင် ဖန်းတီးနိုင်ခွင့်များကို သယ်ပိုးပေးနိုင်ပါစေကြောင်း မိမိတို့ ကေအဲန်ယူ-ကရင့်အမျိုးသားအစည်းအရုံး၊ ဗဟိုဌာနချုပ်မှ ကေအဲန်ယူ-ကရင့်အမျိုးသားအစည်းအရုံး ကိုယ်စား နေရာဒေသ အသီးသီးနှင့် နိုင်ငံရပ်ခြား အသီးသီးတွင် ရောက်ရှိနေထိုင်နေကြသော ကရင့်အမျိုးသား အားလုံးအတွက် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**